# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 4 , 2023 Volume 65, Number 2


၄.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၄၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၆.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၆၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ရခိုင်ပြည်နယ်ဒေသထွက် ဆန်တန်ချိန် ၂၅၀၀ အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်နှစ်သိန်း တင်ပို့ပေးနိုင်




ရခိုင်ပြည်နယ်ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့(ဧပြီ ၃) နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် “နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည် တွက်ချက်ပြီး ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရန်” ဟု လမ်းညွှန်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်းရေးဆွဲ ဆောင်ရွက်ခဲ့သည့် ကာလတို/ကာလရှည် စီမံကိန်းဖြစ်သော “ရခိုင်ပြည်နယ် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်” ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။ ရခိုင်ပြည်နယ်နှင့် ဆက်စပ်ပြီး ကုန်သွယ်မှုအပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အစိုးရချင်း ချိတ်ဆက်သည့်စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစာချွန်လွှာအရ ရခိုင်ပြည်နယ်ဒေသထွက် ဆန်တန်ချိန် ၂၅၀၀ အပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်း တင်ပို့ပေးနိုင်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်မှ ထွက်ရှိသည့်ဆန်များကို ပိုမိုတင်ပို့နိုင်ရေး ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနေရာချထားရေးနှင့် ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရေရှည်ဘဝရပ်တည်နေထိုင်ရေးအတွက် လိုအပ်သောကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးသွား

မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်၍ စီမံကိန်းများ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေမှုကို ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/39102

## မတ်လ ၁၈ ရက်မှ ၂၄ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၈-၃-၂၀၂၃) မှ (၂၄-၃-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဓနီဖတ်၊ စစ်တုံ့ဥ၊ ချင်း(အစို)၊ ဓနီသီးခြောက်၊ အုန်းသီးခြောက်၊ ငါးသလောက်၊ ငါးမြစ်ချင်း၊ တံမျက်စည်းကြမ်းနှင့် ဓနီယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၈၈၉၁၂ ဒေါ်လာ တင်ပို့ခဲ့ကြောင်းသတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် မတ်လ ၁၈ ရက်မှ၂၄ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ဓနီသီးခြောက်တန်ချိန် ၁၅၈ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ဓနီသီးခြောက်တန်ချိန် ၁၉၆ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ဓနီသီးခြောက်တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် ဓနီသီးခြောက် တင်ပို့နိုင်မှုငွေပမာဏမှာ ၂၆၈၆၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source:** သဇင်မြေကုန်သွယ်မှုဇုံဌာန

## စားအုန်းဆီ ထုတ်လုပ်တင်ပို့မှုအတွက် မလေးရှားနှင့်တရုတ် လက်မှတ်ရေးထိုး



စားအုန်းဆီ ကုန်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်အတွက် တရုတ်အစိုးရ ကျောထောက်နောက်ခံပြု ကုန်သွယ်မှုအသင်းနှင့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဧပြီ ၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း မလေးရှားက ပြောကြားခဲ့သည်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့သည် တရုတ်နိုင်ငံမှ China Chamber of Commerce of Import and Export of Foodstuffs, Native Produce and Animal By-Products တရုတ်ကုန်သည်ကြီးများအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လက်တွဲလိုက်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တရုတ်နိုင်ငံ၌ ဈေးကွက်ဝေစု ပြန်လည်ရရှိစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီတင်ပို့သည့် နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီတင်သွင်းသူဖြစ်သည်။

တရုတ်နိုင်ငံတွင် မလေးရှား စားအုန်းဆီ သုံးစွဲမှု မြှင့်တင်ပေးမည်ဖြစ်ပြီး ဆီအုန်းစိုက်ခင်းများတွင် ဉာဏ်ရည်တု အပါအဝင် နည်းပညာအသစ်များ သုံးစွဲနိုင်အောင် ဒီဇိုင်းထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ ဆီအုန်းစိုက်ခင်းများတွင် လူအားကို အဓိကသုံးစွဲနေခြင်းအစား စက်ယန္တရားများ သုံးစွဲနိုင်အောင် ဆောင်ရွက်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် မလေးရှားနိုင်ငံသည် စားအုန်းဆီနှင့် ဆီအုန်းထုတ်ကုန်များ တန်ချိန် ၃.၁၄ သန်းကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါသည်။ မလေးရှား စားအုန်းဆီ ပြည်ပတင်ပို့မှုတွင် တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ ပြီးလျှင် ဒုတိယအရေးအပါဆုံးနိုင်ငံ ဖြစ်ပါသည်။

**Source: CNA**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5990-palmoil.html

## တရုတ်-ရုရှား နှစ်နိုင်ငံကုန်သွယ်မှု၏ ရေရှည်တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ရ

တရုတ်-ရုရှား နှစ်နိုင်ငံသည် ကုန်စည်ကုန်သွယ်မှု ၊ ဒေသတွင်းချိတ်ဆက်ဆောင်ရွက်မှုနှင့် အခြားနယ်ပယ်သစ်များတွင် စီးပွားရေးအဆက်အသွယ်များကို တက်ကြွစွာတွန်းအားပေး ဆောင်ရွက်နေသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် လာမည့်နှစ်များတွင် လျင်မြန်စွာတိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း သိရှိရသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ၏ မကြာသေးမီက အချက်အလက်များ အရ ၂၀၂၃ ခုနှစ်၏ ပထမနှစ်လအတွင်း တရုတ်နှင့် ရုရှားအကြား ကုန်သွယ်မှုသည် ယွမ် ၂၃၂.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၃.၈ ဘီလီယံ) အထိ မြင့်တက်လာခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလထက် ၃၆.၄ % မြင့်တက်ခဲ့သဖြင့် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အရှိန်အဟုန်ဖြင့် အဆက်မပြတ်တိုးတက်နေမှုကို ညွှန်ပြနေကြောင်းသိရှိရသည်။

နှစ်နိုင်ငံစလုံးသည် ၎င်းတို့၏နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်စိတ်ချမှုကို ပိုနက်ရှိုင်းစေပြီး စိတ်ဝင်စားသည့် နယ်ပယ်များကို ချဲ့ထွင်လျက်ရှိကြောင်း၊ စျေးကွက်ပိုမိုချဲ့ထွင်ရန်နှင့် တိုးတက်မှုကို ပူးပေါင်းမြှင့်တင်ရန်အတွက် ၎င်းတို့၏ အားသာချက်များကို တွန်းအားပေးဆောင်ရွက်နေကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အကုန်အထိ (၁၃)နှစ်ဆက်တိုက် ရုရှားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံဖြစ်ခဲ့ပြီး စွမ်းအင်နှင့်ဓာတ်သတ္တုများအပါအဝင် ကုန်ပစ္စည်းအမြောက်အများကို နှစ်နိုင်ငံအကြား ကုန်သွယ်ခဲ့ကြကြောင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေး၊ ဇီဝဆေးဝါးများ၊ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့်ဝန်ဆောင်မှု ကုန်သွယ်ရေးတို့တွင် တိုးတက်မှုများရှိနေကြောင်း သိရှိရသည်။

ကမ္ဘာ့ကုန်စည်ဝယ်လိုအား ကျဆင်းခြင်းမှသည် ပထဝီဝင်စီးပွားရေးလုပ်ခတ်မှုများအထိ စိန်ခေါ်မှုများရှိနေသော်လည်း တရုတ်-ရုရှား ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် ၂၉.၃ % တိုးမြင့်လာကာ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၉၀.၂၇ ဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်း အကောက်ခွန်စာရင်းဇယားများအရ သိရှိရသည်။

နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများ တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာနများနှင့်သာမက ရုရှားနိုင်ငံတို့နှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပါသည်။

Heilongjiang River ပေါ်ရှိ Heihe-Blagoveshchensk နယ်စပ်ဖြတ်ကျော် အဝေးပြေးတံတားကို ပြီးခဲ့သည့်နှစ် ဇွန်လတွင်ဖွင့်လှစ်ခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ချိတ်ဆက်မှုတွင် မှတ်တိုင်တစ်ခုဖြစ်သည့် အဆိုပါလမ်းကြောင်းသစ်သည် တရုတ်နိုင်ငံ၏ အရှေ့မြောက်ပြည်နယ်များနှင့် ရုရှား၏အရှေ့ဖျားဒေသတို့ကို ချိတ်ဆက်ထားပြီး အိမ်နီးချင်းနှစ်နိုင်ငံ အကြား စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: www.chinadaily.com.cn/a/202303/20/WS64187147a31057c47ebb57e6.html**

https://myantrade.gov.mm/article/Naypyitawstp_030420231142

## မြန်မာ့ဆန် ပြည်ပဆန်တင်ပို့ရန် လိုင်စင်အသစ် ချထားပေးမှုကို ကန့်သတ်ထား

ပြည်တွင်း၌ ဆန်စျေးနှုန်းကြီးမြင့်နေမှုကြောင့် ပြည်ပနိုင်ငံများသို့ ဆန်တင်ပို့ရန် လိုင်စင်အသစ်ချထားပေးမှုကို ကန့်သတ်ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ပြည်တွင်း၌ ဆန်ဈေးနှင့် စပါးဈေးမြင့်တက်နေမှုကြောင့် ပြည်ပသို့ Quota စနစ်ဖြင့် တင်ပို့မှုကို တစ်လလျှင် ဆန်တန်ချိန် တစ်သိန်းခွဲခန့်သာ တင်ပိုရန် လျှော့ချသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပြည်ပဆန်တင်ပို့မှု တန်ချိန်လျှော့ချလိုက်သည့် အတွက် လိုင်စင်အသစ်လျှောက်ထားမှုရရှိရန် မလွယ်ကူဘဲ လိုင်စင်အဟောင်းများကိုလည်း စစ်ဆေးမှုများဆောင်ရွက် နေကြောင်း သိရသည်။

လက်ရှိတွင် ပြည်ပသို့ဆန်တင်ပို့ရာ၌ တန်ချိန် ၂၆၀ အထိ ထောက်ခံချက်မလိုဘဲ ယင်းထက်ကျော်လွန်ပါက ထောက်ခံချက်လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နယ်စပ်မှ ဆန်တင်ပို့မှု ရငွေအပေါ် ကန့်သတ်ချက်များ လုပ်ဆောင်လာသည့်နောက် ကုန်သည်များအနေဖြင့် တွက်ခြေမကိုက်သည့်အတွက် အများစုမှာ တင်ပို့မှုများရပ်ဆိုင်းထားရသည်အထိ အကြပ်တွေ့လာရကြောင်းလည်း နယ်စပ် ကုန်သွယ်ရေး လုပ်ကိုင်သည့် ဆန်ကုန်သည်အချို့ထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၀၉၉ သန်းတင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ရငွေအနေဖြင့် ဒေါ်လာ ၇၈၃ သန်းရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စာရင်းအချက်အလက်များအရ သိရသည်။

လက်ရှိ ပြည်တွင်း ဆန်ဈေးကွက်၌ ရွှေဘိုပေါ်ဆန်း (ဆန်အသစ်) (၁) အိတ်လျှင် ၈၅၀၀၀ ကျပ်မှ ၉၆၀၀၀ ကျပ် ၊ ဆန်ချော (ဧရာဝတီပေါ်ဆန်းအုပ်စုဝင် ဆန်အသစ်)(၁) အိတ်လျှင် ၇၅၀၀၀ ကျပ်မှ ၇၆၀၀၀ ကျပ် ၊ ဆန်ကြမ်းအသစ် (၎စိန်၊ ဧယာ အုပ်စုဝင် ) (၁)အိတ် ၅၅၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်ရှိကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ဆန် ပြည်ပတင်ပို့မှုအနေဖြင့် ကုမ္ပဏီ (၅၂) ခုမှ နယ်စပ်နှင့် ပင်လယ်ရေကြောင်းမှ တစ်ဆင့် ဥရောပ နိုင်ငံများ၊ တရုတ်အပါအဝင် အာရှနိုင်ငံများသို့လည်း တင်ပို့နေပြီး စုစုပေါင်း နိုင်ငံပေါင်း (၅၀) ဝန်းကျင်သို့ တင်ပို့နေကြောင်း သိရသည်။

**Source: Popular News Journal**

## မြန်မာ့ထောပတ်သီး တရုတ်နိုင်ငံသို့ တရားဝင်တင်ပိုဖို့ဆွေးနွေး၊ ထောပတ်သီးစက်ရုံအတွက် တရုတ်က ပညာရှင်တွေလွှတ်ပြီး ကူညီမယ်လို့ဆို




မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ တာဝန်ရှိသူများတွေ့ဆုံခဲ့ပြီး တရုတ်နိုင်ငံသို့ မြန်မာ့ ထောပတ်သီးများ တရားဝင်တင်ပို့ရန်နှင့် ထောပတ်သီးကဏ္ဍ၌ တရုတ်နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးခဲ့တယ်လို့ အဆိုပါအသင်းမှ သိရှိရပါတယ်။

အသင်းတာဝန်ရှိသူများနှင့် ယူနန်ပြည်နယ်မှ တာဝန်ရှိသူများ တွေ့ဆုံရာတွင် မြန်မာ့ ထောပတ်သီးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ဖို့ တရုတ်နိုင်ငံ GACC နှင့် အမြန်ဆုံး သဘောတူညီချက်ရရှိရန်အတွက်လည်း ဆွေးနွေးထားသလို မြန်မာလုပ်ငန်းရှင်များ အနေနဲ့လည်း ပြင်ဆင်စရာရှိတာကို ပြင်ဆင်ထားဖို့ ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဆိုပါတယ်။

အသင်းရဲ့ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးမင်းက ကျွန်တော်တို့ဘက်ကလည်း ပြင်ဆင်စရာရှိတာ ပြင်ဆင်ရမှာပါ။ သူတို့ဘက်ကလည်း အစိုးရကို တိုက်တွန်းမယ်လို့ပြောပါတယ်။ သူတို့နိုင်ငံမှာလည်း ထောပတ်သီး လိုအပ်ချက်ရှိတယ် ဆိုရင်တော့ အဆင်ပြေသွားနိုင်တယ်လို့ နိုင်ငံပိုင် မီဒီယာသို့ ပြောဆိုထားချက်အရ သိရှိရပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးနှင့်ဟိုပုံးမြို့တို့ရှိ ထောပတ်သီးစက်ရုံများသို့ တရုတ်နိုင်ငံမှ ပညာရှင်များ လာရောက်ရန်ဆောင်ရွက်နေပြီး ဒီဇင်ဘာလတွင်စတင်မယ့် ထောပတ်သီးရာသီအတွင်း မြန်မာ့ထောပတ်သီးများ တရုတ်နိုင်ငံ သို့ စတင်တင်ပို့ရန် လျာထားတယ်လို့လည်း သိရှိရပါတယ်။

ဦးကျော်စိုးမင်းက ဆက်လက်ပြီး တရုတ်နိုင်ငံကလည်း ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတယ်။ ထောပတ်သီးစက်ရုံတည်ဖို့ကိစ္စကိုလည်း ပညာရှင်တွေလွှတ်ပြီး ကူညီဖို့ပြောပါတယ်။ လက်ရှိမှာ စက်ရုံကတော့ တည်ဆောက်ပြီးသွားပါပြီလို့ ပြောပါတယ်။ လက်ရှိအချိန်တွင် မြန်မာ့ထောပတ်သီးများကို ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေရသော်လည်း ကိုဗစ်-၁၉ အခြေအနေအရ ပြည်တွင်းပြည်ပ ခရီးသွားများ ရပ်တန့်ထားမှုကြောင့် စားသုံးမှုနှုန်း ကျဆင်းနေသည့် အတွက် ကိုဗစ်-၁၉ အလွန်ကာလမှာ မြန်မာ့ ထောပတ်သီးကို ထုတ်ကုန်အသွင်သစ်တစ်မျိုးနဲ့ ဈေးကွက်အတွင်း ထိုးဖောက်နိုင်ဖို့ ကြိုးစားနေတာပါ။

ကိုဗစ်-၁၉ အလွန်တွင် ထောပတ်သီး စိုက်ပျိုးသူများအတွက် GAP စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နိုင်ရန် နည်းပညာရပ်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များမှ ထောပတ်သီးနှင့်ဟင်းပွဲပြင်သည့် နည်းပညာများ၊ ထောပတ်သီးအဆီမှ အလှကုန်ပစ္စည်းများထုတ်မယ့် နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် သင်တန်းတွေလည်းပေးနေပါတယ်။

ပြည်ပတင်ပို့တဲ့ ဈေးကွက်အတွင်းမှာ မြန်မာ့ထောပတ်သီးကို အမျိုးအစားအလိုက် ကျပ် (၈၀၀) မှ (၁,၀၀၀) အထိ ရောင်းချလျက်ရှိသလို ပြည်တွင်းဈေးကွက်မှာ ထောပတ်သီး တန်ချိန် (၃,၀၀၀)ကို နှစ်စဉ်စားသုံးလျက်ရှိပြီး ခရီးသွားရာသီ၌ ထောပတ်သီးစားသုံးမှု ပိုမိုများပြားတယ်လို့ ကုန်သည်များထံက သိရှိရပါတယ်။

**ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## သကြံန်ကာလအတွက် ပြည်ပမှ စားအုန်းဆီ တန်ချိန် ၇၅၀၀၀ တင်သွင်းမည်

သကြံန်ကာလအတွင်း စားသုံးဆီဖူလုံမှုရှိစေဖို့ စားအုန်းဆီတန်ချိန် (၇၅၀၀၀) တင်သွင်းဖို့ စီစဉ်ထားကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (MEODA) ကနေ သိရှိရပါတယ်။

စနေနေ့က အင်ဒိုနီးရှားနိုင်ငံကနေ တင်သွင်းတဲ့ စားသုံးဆီတင် ဗီယက်နမ်သင်္ဘော M/T TRCACY ရန်ကုန်ဆိပ်ကမ်းကိုဆိုက်ကပ်ခဲ့ပြီးနောက် သကြံန်မတိုင်ခင် သင်္ဘောရှစ်စင်း ထပ်ရောက်ဖို့ရှိတယ်လို့ MEODA ဥက္ကဋ္ဌကဆိုပါတယ်။ ''သကြံန်ပြီးတဲ့အခါမှာ တန်ချိန် ၁၁၀၀၀ တင် သင်္ဘောနှစ်စင်း ထပ်ရောက်မယ်။ စုစုပေါင်းတန်ချိန် ၇၅၀၀၀၊ ၇၆၀၀၀ လောက် ရှိတဲ့အတွက်ကြောင့် စားသုံးသူတွေ အလုံအလောက်စားသုံးနိုင်အောင် တင်သွင်းထားပါတယ်''လို့ ဥက္ကဋ္ဌ ဦးဆန်းလင်းကပြောပါတယ်။

ယခုနှစ် သကြံန်ကာလမှာ တင်သွင်းထားတဲ့ ဆီတန်ချိန် ၇၅၀၀၀ က အရင်ကာလတွေထက် ပိုမိုတင်သွင်းတဲ့ပမာဏဖြစ်တာကြောင့် စားသုံးဆီဖူလုံမှုရှိအောင် ဆောင်ရွက်ထားတာလို့ ၎င်းက ဆက်ပြောပါတယ်။ ''စားသုံးသူတွေထံကိုသင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်ဖို့အတွက်ကို အသင်းအနေနဲ့ စီစဉ်ဆောင်ရွက်တယ်။ ဖူလုံမှုရှိအောင် အထူးကြပ်မတ်စီစဉ်ဆောင်ရွက်နေပါတယ်''လို့ ဆိုပါတယ်။

MEODA က စီစဉ်တဲ့ စားသုံးဆီ ကားအစီးရေ (၇၀) က ဈေးတွေ၊ လူစည်ကားတဲ့ နေရာတွေ၊ မြို့နယ်အများစုမှာရောင်းချပေးနေပြီး အသင်းရဲ့သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းချပေးနေတယ်လို့ သိရှိရပါတယ်။ ''ဈေးကားရောက်တဲ့ နေရာလောက်ပဲ ရောင်းပေးရတဲ့အတွက် အချို့မရတဲ့ နေရာတွေလည်း ရှိပါတယ်။ အလှည့်ကျ တစ်နေရာတည်းမဟုတ်ဘဲ နေရာစုံမှာရောင်းနိုင်အောင် စီစဉ်နေပါတယ်''လို့ MEODA ဥက္ကဋ္ဌက ပြောကြားထားပါတယ်။

**Source: BETV Business**

## ဆန်စပါးထောက်ပံ့ရေး သဘောတူညီချက် တရုတ်-မြန်မာနှစ်နိုင်ငံ လက်မှတ်ရေးထိုး

မြန်မာနိုင်ငံနဲ့ ယူနန်ပြည်နယ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နဲ့ နားလည်မှုစာချွန်လွှာတွေထဲက တစ်ခုဖြစ်တဲ့ ဆန်စပါးထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ပါတယ်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သလို ယူနန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး ဝမ်နင်ရဲ့ မြန်မာပြည်ခရီးစဉ်အတွင်း တရုတ်-မြန်မာနှစ်နိုင်ငံအကြား စီးပွားရေးနှင့်ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများအတွက် လက်မှတ်ရေးထိုးခဲ့တာပါ။

သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီးတွေနဲ့ တာဝန်ရှိသူတွေ တက်ရောက်ခဲ့ပါတယ်။

စီမံကိန်းများအတွင်း ဆန်စပါးထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အပါအဝင် ဓာတ်မြေဩဇာထောက်ပံ့ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်၊ ကျောက်ဖြူအနာဂတ် ရွှေ့လျားဆေးခန်းစီမံကိန်း သဘောတူညီချက်တွေ ပါဝင်နေပါတယ်။

ဒ့ါအပြင် နားလည်မှုစာချွန်လွှာတွေထဲမှာ မြန်မာနိုင်ငံမှ စိုက်ပျိုးကုန်များတင်ပို့ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ တာပိန် (၁) ရေအားလျှပ်စစ်စခန်း သဘောတူညီချက်တွေကိုလည်း လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြပါတယ်။

**Source: BETV Business**

## ယခုနှစ် နှစ်လတွင်းတရုတ်သို့ တစ်သျှူးငှက်ပျောတန်ချိန် တစ်သိန်းလေးသောင်းကျော် တင်ပို့ထား



https://t.me/htwettoe

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ယခုနှစ်နှစ်လအတွင်း တစ်သျှူးငှက်ပျောတန်ချိန် တစ်သိန်းလေးသောင်းကျော် တင်ပို့ထားတယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

၂၀၂၃ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီနှစ်လတာအတွင်း ကံပိုင်တည်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှတစ်ဆင့် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန်(၁၄၁,၂၀၀) ကျော် တင်ပို့နိုင်ခဲ့ပြီး ယခုနှစ်တွင်းဈေးကောင်း ရရှိနေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ တစ်သျှူးငှက်ပျောကို လွန်ခဲ့တဲ့ ၂၀၀၆ ခုနှစ်ကတည်းက "ဘိန်းအစားထိုးသီးနှံ"အဖြစ် ကချင်ပြည်နယ်အတွင်းမှာ စတင်စိုက်ပျိုးခဲ့တာဖြစ်ပြီး နယ်စပ်လမ်းကြောင်းကနေ တရုတ်နိုင်ငံအတွင်းကို တင်ပို့နေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့မှုအနေနဲ့ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်မှာတန်ချိန် ၈၈၇၅၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၈၃၄ သန်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်မှာ တန်ချိန် ၁၉၀၁၂၆ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၅၉ ဒသမ ၈၆၃ သန်း၊ ၂၀၁၇ –၂၀၁၈ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂၈၆၇၇၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၄၃၃ သန်း၊ ၂၀၁၈ ခုနှစ် Mini Budget မှာ တန်ချိန် ၂၄၄၁၉၆တန် ၊ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၄၄၂ သန်းနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ တန်ချိန် ၇၃၇၅၀၆၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၂၂၃ သန်း တင်ပို့ထားတယ်လို့ သိရပါတယ်။

ထို့အတူ ကချင်ပြည်နယ်ကနေ တရုတ်နိုင်ငံကို တစ်သျှူးငှက်ပျောတင်ပို့မှုဟာ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်ကာလမှာ ၇၃၃,၄၉၄ တန်ချိန် ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၉၈ ဒသမ ၇၇၀ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

# STOCK EXCHANGE (4.4.2023)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,157 (Shares) | 7,137,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 84 | 672,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 242 | 738,100 | 38,929,150 | 118,734 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 3,826 | 5,715,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | -150 | -5.66% | 2,500 | 2,500 | 2,500 | 4 | 10,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 1 | 2,600 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.50 | -2.20 | -0.60% | 363.75 | 364.60 | 363.50 | 4,157 | 7,137,700 | 7 | 640,523 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 4,157 (Shares) | 7,137,700 (MMK) |

## Main Board

As of 1:00 pm, 4th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,157 (Shares) | 7,137,700 (MMK) |

| MYANPIX | 363.50 ▼ 2.20 |
|---|---|
| Total Volume (shares) | 4,157 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 640,523 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▼ 150 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |